ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

## လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၂၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄(ဂ)၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ဂ)နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို အောက်ပါ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဂျဲန်ဖန်နော်တောင် | ကချင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | **ဥက္ကဋ္ဌ** |
| (ခ) | ဒေါက်တာကျော်ထွန်း | ရှမ်းပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဂ) | ဦးရဲမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဃ) | ဦးတင့်ဇော် | ရန်ကုန်တိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| (င) | ဦးခင်ဇော်ထွန်း | ကရင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (စ) | ဒေါ်နီနီမာ | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဆ) | ဦးကျော်တင် | မန္တလေးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဇ) | ဦးသိန်းဇော် | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်မင်းနိုင် | ချင်းပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်ဌွေး | မကွေးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဋ) | ဒေါ်မြမြသက် | ရခိုင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဌ) | စိုင်းဝင်းခိုင် | ရှမ်းပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်ချုပ်ကျော်သူရအေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးစိုးရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်တင်မြင့် | ဧရာဝတီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏ သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါကကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကျင်းပရမည်။

၅။ ကော်မတီအစည်းအဝေးများကျင်းပရာတွင် ဥပဒေအကြံဉာဏ်များရယူရန်လိုအပ်လျှင် ပြည်ထောင်စုရှေ့နေချုပ်အား ဖိတ်ကြားတက်ရောက်စေရမည်။

**ကော်မတီ၏တာဝန်များ**

၆။ ကော်မတီသည် မိမိထံလွှဲအပ်သောကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာစစ်ဆေး ဆောင်ရွက်ရမည် -

(က) ကော်မတီသို့ လွှဲအပ်သောကိစ္စများနှင့် စပ်လျဉ်းသော အချက်များကို အခြေပြု၍ လွှတ်တော်၏အခွင့်အရေးကို ဖောက်ဖျက်ရာ ရောက် မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(ခ) မည်သို့သောကိစ္စ၊ မည်သို့သော အချက်များမှစတင်၍ အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(ဂ) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

၇။ အပိုဒ် ၆ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် လွှတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

၈။ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်တောင်းခံလျှင် ယင်းနုတ်ထွက်ခွင့်တောင်းခံလွှာကို စိစစ်၍ မှတ်ချက်များနှင့်တကွ ဥက္ကဋ္ဌထံ တင်ပြခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းများနှင့် အခြားမှတ်တမ်းများကို လွှတ်တော်ရုံးမှ ပြုစုထားရှိရေးနှင့် စပ်လျဉ်း၍ အကြံပေးခြင်း၊

(ဃ) လွှတ်တော်၏ သိက္ခာကို စောင့်ထိန်းရန်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်၏ ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာရန်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ပျက်ကွက်ကြောင်းတွေ့ရှိပါက ဥက္ကဋ္ဌထံတင်ပြခြင်း၊

(င) ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၃ အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌထံတင်ပြခြင်း၊

(စ) ကော်မတီသည် လွှတ်တော်၏ နေ့စဉ်အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ မေးမြန်းဆွေးနွေးမည့်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်၍ နေ့စဉ်အစည်းအဝေးအစီအစဉ်များကို လျာထားသတ်မှတ် ဆောင်ရွက်ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၉။ ကော်မတီ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် -

(က) ကော်မတီသည် လိုအပ်သည့် ပြင်ပပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း တင်ပြစေရန် ဆင့်ဆိုနိုင်

သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည်ဟူသော ပြဿနာပေါ် ပေါက်လာပါက အဆိုပါပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကို ဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက် နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်း တစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

( ခ ) ကော်မတီ၏ရှေ့တွင် သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများ တင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့် ဆင့်ဆိုရမည်။ ကော်မတီ၏ရှေ့တွင် သက်သေထွက်ဆိုချက်ကို သို့မဟုတ် သက်သေခံအဖြစ် တင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့် မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

၁၀။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

( ဃ ) ကော်မတီတွင် တင်ပြသည့် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပို၍ ဆွေးနွေးခွင့်ရှိသည်။

၁၁။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်ကော်မတီ နှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်စေခြင်းမရှိစေရ။

**ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း**

၁၂။ ကော်မတီ၏အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီ၏အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်သို့တင်ပြရမည်။

(ခ) ကော်မတီသို့လွှဲအပ်သော အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီသည် အခါအားလျော်စွာ စည်းဝေး၍ လွှတ်တော်ကသတ်မှတ်သော နေ့တွင် အစီရင်ခံစာကို လွှတ်တော်သို့တင်ပြရမည်။ လွှတ်တော်က အစီရင်ခံစာတင်ပြမည့်ရက်ကို သတ်မှတ်ခြင်းမပြုလျှင် လွှတ်တော်က မိမိထံ လွှဲအပ်တာဝန်ပေးသောနေ့မှ တစ်လအတွင်း လွှတ်တော်သို့ အစီရင်ခံစာတင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာကို တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာတင်ပြရမည်။

၁၃။ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန်အဆိုကို ဆောလျင်စွာတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်သောအခါ အစီရင်ခံစာကို ဆွေးနွေးရမည်။ လွှတ်တော်က ဆွေးနွေးပြီးသောအခါ ဆွေးနွေးရန်အဆိုတင်သွင်းသူကပင် အစီရင်ခံစာကို လွှတ်တော်က လက်ခံအတည်ပြုရန် အဆို တင်သွင်းရမည်။

၁၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း

ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၅။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၆။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ